သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

# ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၂၀၁၉ ခုနှစ်၊ မေလ

Technical Document No. 10

(SOP for Community Forestry)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန

# ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(Standard Operating Procedures of Community Forestry)



| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | အဓိပ္ပါယ်ဖော်ပြချက် | ၁ |
| ၂။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောဝန်ထမ်းများ ထားရှိရမည့် အခြေခံသဘောထား | ၂ |
| ၃။ | စည်းရုံးဆောင်ရွက်ခြင်းမပြုမီကျေးရွာ၏အခြေအနေအားဆန်းစစ်ခြင်း | ၂ |
| ၄။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (CF) တည်ထောင်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များ | ၅ |
| ၅။ | လုပ်ငန်းစဉ်(၁) CFတည်ထောင်ခြင်းလုပ်ငန်း ကြီးကြပ်ဆောင်ရွက်ရန် မြို့နယ်အဆင့်၌ဝန်ထမ်းများကို တာဝန်ပေးခြင်း | ၅ |
| ၆။ | လုပ်ငန်းစဉ် (၂) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း ဆိုင်ရာသတင်း အချက်အလက်များ မျှဝေခြင်း | ၇ |
| ၇။ | လုပ်ငန်းစဉ် (၃) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူများ အဖွဲ့ ဖွဲ့စည်းခြင်း | ၈ |
| ၈၊ | လုပ်ငန်းစဉ် (၄) အသုံးပြုသူများအဖွဲ့စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း | ၉ |
| ၉။ | လုပ်ငန်းစဉ် (၅) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဆောင်ရွက်ခွင့် လျှောက်ထားလိုသည့်မြေနေရာအားကနဦးကွင်းဆင်းစစ်ဆေးခြင်း | ၁၀ |
| ၁၀၊ | လုပ်ငန်းစဉ် (၆) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆောင်ရွက်ခွင့်လျှောက်လွှာတင်ခြင်း | ၁၀ |
| ၁၁။ | လုပ်ငန်းစဉ် (၇) လျှောက်ထားသည့်မြေနေရာအား ကွင်းဆင်း အတည်ပြုခြင်း | ၁၁ |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၂။ | လုပ်ငန်းစဉ်(၈) အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲတင်ပြခြင်း | ၁၂ |
| ၁၃။ | လုပ်ငန်းစဉ်(၉) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်ထုတ်ပေးခြင်း | ၁၃ |
| ၁၄။ | လုပ်ငန်းစဉ်(၁၀) အသုံးပြုသူအဖွဲ့မှ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၁၄ |
| ၁၅။ | ဆောင်ရွက်ခွင့်ပယ်ဖျက်ခြင်းနှင့်အရေးယူခြင်း | ၁၄ |
| ၁၆။ | ဆောင်ရွက်ခွင့် ပယ်ဖျက်ပြီးသည့် မြေအား စီမံခန့်ခွဲခြင်း | ၁၅ |
| ၁၇။ | ထုတ်ယူသုံးစွဲခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းအား ကြီးကြပ်ဆောင်ရွက်ခြင်း | ၁၅ |
| ၁၈။ | သယ်ယူခြင်းအား ကြီးကြပ်ဆောင်ရွက်ခြင်း | ၁၆ |
| ၁၉။ | ကြီးကြပ်စစ်ဆေးခြင်းနှင့် အစီရင်ခံစာများ တင်ပြခြင်း | ၁၇ |
| ၂၀။ | ပုံစံများ | |

# ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
# (Community Forestry Standard Operating Procedures)

## အဓိပ္ပါယ်ဖော်ပြချက်

၁။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် သုံးစွဲထားသည့် စကားလုံးများ၏ အဓိပ္ပါယ်သည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များပါ အဓိပ္ပါယ် ဖွင့်ဆိုချက်အတိုင်း မှတ်ယူရမည်။

**ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း။** ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုသည်မှာ ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်သည့် ရေရှည်တည်တံ့စေသော သစ်တောသစ်ပင် စီမံအုပ်ချုပ် အသုံးပြုခြင်းဆိုင်ရာ သစ်တောလုပ်ငန်းများကို ဆောင်ရွက်သည့်လုပ်ငန်း တစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင်အဆင့်မှ စီးပွားဖြစ်အဆင့်အထိ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ဖန်တီးရန်၊ အစားအစာထုတ်လုပ်ရန်၊ ဂေဟစနစ် တည်ငြိမ်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်အခြေအနေ ပိုမိုကောင်းမွန်လာစေရန် အစရှိသည့် ရည်ရွယ်ချက်များအနက် ရည်ရွယ်ချက် တစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသည့် ရည်ရွယ်ချက်များအတွက် သစ်တောစိုက်ခင်းအသစ်များ တည်ထောင်ခြင်းနှင့် တည်ရှိနေသော သစ်တောများကို စီမံအုပ်ချုပ်ခြင်းတို့ပါဝင်သည်။

**အသုံးပြုသူများအဖွဲ့။** သစ်တောများအတွင်း သို့မဟုတ် သစ်တောများအနီး ငါးမိုင်ပတ်လည်အတွင်းတွင် ငါးနှစ် တစ်ဆက်တစ်စပ်တည်း အခြေချနေထိုင်ခဲ့သော ဒေသခံပြည်သူများအနက် သစ်တောလုပ်ငန်းကို စိတ်ဝင်စားပြီး သစ်တောကို အမှန်တကယ်မှီခိုအသုံးပြု၍ တိုက်ရိုက် အကျိုးသက်ဆိုင်သည့် အိမ်ထောင်စုများဖြင့် ဖွဲ့စည်းထားသော ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို ဆောင်ရွက်သည့်အဖွဲ့ကို ဆိုသည်။ သို့ရာတွင် အစဉ်အလာနှင့် ဓလေ့ထုံးစံအရ ဒေသခံလူထုက စီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သော သစ်တောများတွင်ဖြစ်စေ၊ ဒေသအခြေအနေအရဖြစ်စေ ခရိုင်သစ်တောအရာရှိက နေထိုင်သည့်နေရာ အကွာအဝေး သို့မဟုတ် နေထိုင်ခဲ့သည့် အချိန်ကာလကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

**ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောဝန်ထမ်းများ ထားရှိရမည့် အခြေခံသဘောထား**

၂။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ (CF Unit) အဖွဲ့ဝင်များ၊ တိုးချဲ့ပညာပေးဝန်ထမ်းများအပါအဝင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်သည့် ဝန်ထမ်းများသည် အောက်ပါအချက်များကို အလေးထား၍ ဆောင်ရွက်ရမည်-

(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို သစ်တောဦးစီးဌာနက ဆောင်ရွက်နေသော သစ်တောလုပ်ငန်းများအနက် အဓိက လုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့် မှတ်ယူပြီး အလေးထားဆောင်ရွက်ရမည်။

(ခ) သစ်တော သယံဇာတများ စီမံအုပ်ချုပ်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လာစေရန် နယ်မြေအခြေအနေနှင့် လိုက်လျောညီစွာ စည်းရုံး ဆောင်ရွက်ရမည်။

(ဂ) သစ်တောဦးစီးဌာနအတွင်း သာမက ဆက်စပ်သော ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ကျေးလက်ပြည်သူများကို ပြေပြစ်စွာ ဆက်သွယ် စည်းရုံးဆောင်ရွက်ရမည်။

(ဃ) ဒေသခံပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး အစွမ်းကုန် ပံ့ပိုး ကူညီစည်းရုံးဆောင်ရွက်ရမည်။

**စည်းရုံးဆောင်ရွက်ခြင်းမပြုမီ ကျေးရွာ၏ အခြေအနေအား ဆန်းစစ်ခြင်း**

၃။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းသည် အခြားသော သစ်တောလုပ်ငန်းများနှင့် မတူဘဲ ဒေသခံတို့ကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် စည်းရုံးဟောပြောရခြင်း၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း စသည်တို့ကြောင့် အချိန်ယူဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ သို့ဖြစ်၍ ကျေးရွာများသို့ ကွင်းဆင်းမစည်းရုံးမီ အောက်ဖော်ပြပါ ကျေးရွာဆိုင်ရာ အချက်အလက်များအား ဆန်းစစ်ဆောင်ရွက်ရမည်-

(က) **မြေ**

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရန် မြေ အလုံအလောက် ရှိ မရှိ၊ မြေ ပိုင်ဆိုင်မှုနှင့် မြေ အမျိုးအစား သိရှိရန် လိုအပ်သည်။ သစ်တောမြေဖြစ်ပါက သစ်တောဦးစီးဌာန၏ ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်သော်လည်း အခြားမြေဖြစ်ပါက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်းကို စိတ်ပါဝင်စားသည့် ဒေသခံများကို သေချာစွာ ရှင်းပြရန် လိုအပ်သည်။

( ခ ) **ရေ**

သစ်တောပျိုးဥယျာဉ် တည်ထောင်ခြင်းနှင့် စိုက်ခင်း တည်ထောင်ခြင်းတို့အတွက် ရေ ရရှိမှုသည် အဓိကဖြစ်၍ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်မည့် ကျေးရွာတွင် ရာသီအလိုက် ရေရရှိနိုင်မှု၊ ရေလွှမ်းမိုးမှု၊ ရေရှားပါးမှု၊ ရေ၏ မူလဇစ်မြစ်၊ ရေ အမျိုးအစား (သစ်ပင်၊ သီးနှံနှင့် သင့်တော်မှု ရှိ မရှိ)၊ ရေအတွက် ကုန်ကျစရိတ်၊ ပျိုးပင် သယ်ယူရမည့် အခြေအနေ စသည်တို့ကို လေ့လာရမည်။

( ဂ ) **သစ်တော**

သဘာဝတောတည်ရှိမှု၊ စိုက်ခင်း တည်ထောင်ထားရှိမှု အခြေအနေ၊ သစ်တောအမျိုးအစား၊ ပါဝင်ပင်များ၊ မြေအသုံးချမှု၊ သစ်တောထွက်ပစ္စည်း ဈေးနှုန်းနှင့် ဈေးကွက်၊ လိုအပ်ချက်နှင့် ရရှိနိုင်မှု၊ အနာဂတ်အလားအလာ စသည်တို့ကို လေ့လာရမည်။

(ဃ) **ဒေသအခြေအနေ**

ဟောပြောစည်းရုံးမည့် ကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ ကောင်းမွန်ပြီး သစ်တောထွက်ပစ္စည်း လွယ်ကူစွာ ရရှိနိုင်ပါက စည်းရုံးရခက်ခဲပြီး အလွန်ဆင်းရဲ၍ သစ်တောသယံဇာတ လုံးဝမရှိပါက စည်းရုံးရလွယ်ကူနိုင်သော်လည်း ပံ့ပိုးမှု အလုံးအရင်း မပေးနိုင်ပါက အောင်မြင်ရန် ခက်ခဲနိုင်သည်။ သို့ဖြစ်၍ မစည်းရုံးမီ ဒေသအခြေအနေ၊ သတင်းအချက်အလက်များကို ကြိုတင်စုဆောင်း၍ ဒေသခံတို့၏ စိတ်ဝင်စားသည့်အကြောင်း အရာ၊ လိုအပ်ချက် စသည်တို့ကို သိရှိထားရန်လိုအပ်သည်။

ထို့အပြင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောကို အောင်မြင်စွာ တည်ထောင်နိုင်ရန် သစ်တောဝန်ထမ်းနှင့် ဒေသခံတို့အကြား ထိတွေ့မှုသည် အရေးပါသဖြင့် သွားရေးလာရေး အခြေအနေ၊ ပံ့ပိုးကူညီနိုင်မှု အခြေအနေ စသည်တို့ကို ကြိုတင်စဉ်းစားရန် လိုအပ်သည်။

(င) **လူဦးရေ**

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်လိုသည့် အဖွဲ့ဝင်ဦး ရေနှင့် ဧရိယာမှာ သင့်တင့်မျှတရန် လိုအပ်ပြီး အလုပ်သမား ငှားရမ်း၍ လုပ်ကိုင်ရပါက အောင်မြင်ရန် ခက်ခဲနိုင်သည်။

(စ) **ဓလေ့ထုံးစံ**

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်မည့် ကျေးရွာလူထု သည် အစုအဖွဲ့နှင့် ဆောင်ရွက်ခြင်းကို မဆန့်ကျင်သော ဓလေ့ထုံးစံ ရှိရမည်ဖြစ်ပြီး ပူးပေါင်းခြင်းထက် တစ်ဦးချင်း ဆောင်ရွက်သောအလေ့ အထ လွှမ်းကဲနေပါက အလေးအနက်ထား စဉ်းစားရန်လိုအပ်သည်။ အချို့ ကျေးရွာများတွင် အစွန်းရောက်ပြီး တက်ကြွလွန်နေပါက မကြာ ခဏ ပဋိပက္ခဖြစ်တတ်ပြီး ပြေပြစ်စွာညှိနှိုင်းခြင်းမရှိပါက စိတ်ဝမ်းကွဲ တတ်ကာ အောင်မြင်စွာ တည်ထောင်နိုင်ရန် ခက်ခဲနိုင်သည်။

(ဆ) **ခေါင်းဆောင်မှု**

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းသည် ရေရှည် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်၍ ရိုးသားပြီး အများက လေးစားထိုက် သော၊ အမြော်အမြင်ရှိသော၊ စိတ်အားထက်သန်မှု ရှိသော၊ စီမံအုပ်ချုပ်မှု အရည်အချင်းရှိသော ဦးစီးဦးဆောင် ဆောင်ရွက်နိုင်မည့်သူ ရှိရန်လိုအပ် သည်။ အဖွဲ့အား ငွေကြေးဆိုင်ရာ အကူအညီများပေးရန် အစီအစဉ်ရှိ ပါက ဤအချက်ကို ပို၍ အလေးထားရန် လိုအပ်သည်။

(ဇ) **သစ်တောလုပ်ငန်းအတွေ့အကြုံ**

သစ်တောဝန်ထမ်းများသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည် ထောင်ခြင်း လုပ်ငန်းစဉ်တွင် နည်းပညာ ပံ့ပိုးကူညီရန် တာဝန်ရှိသော် လည်း ဒေသခံများသည် သစ်တောလုပ်ငန်းဆိုင်ရာ အတွေ့အကြုံနှင့် ရင်းနှီးမှုမရှိပါက သင်ပြစည်းရုံးရန် အချိန်ယူရမည်ကို ကြိုတင် စဉ်းစား ထားရန် လိုအပ်သည်။

(ဈ) **ဒေသခံများဖြစ်ခြင်း**

သွားရောက်ဟောပြောမည့် ကျေးရွာသည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များပါ အသုံးပြုသူများအဖွဲ့ ရှိသင့်သည့် သတ်မှတ်ချက်များဖြင့် ကိုက်ညီမှု ရှိ မရှိ ကို ကြိုတင်၍ စိစစ် သုံးသပ်ရမည်။ လျှောက်ထားလိုသည့် ဒေသခံများ၏ သစ်တောအပေါ် အမှန်တကယ် မှီခိုအသုံးပြုမှု အခြေအနေ၊ သစ်တောသယံဇာတ စီမံ

အုပ်ချုပ်မှုဆိုင်ရာ အစဉ်အလာနှင့် ဓလေ့ထုံးတမ်းတို့ကို ထည့်သွင်း စဉ်းစားရမည်။ အခြားတစ်နေရာမှ ရည်ရွယ်ချက် အမျိုးမျိုး၊ နည်းအမျိုးမျိုးဖြင့် ဒေသခံအဖြစ် အသွင်ပြောင်းပြီး လျှောက်ထားလာခြင်းမျိုး မဖြစ်ရန် လိုအပ်သည်။

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (CF) တည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

၄။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### လုပ်ငန်းစဉ် (၁) CF တည်ထောင်ခြင်းလုပ်ငန်း ကြီးကြပ်ဆောင်ရွက်ရန် မြို့နယ်အဆင့်၌ ဝန်ထမ်းများကို တာဝန်ပေးခြင်း

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အခြေခံအဆင့်အနေဖြင့် မြို့နယ်အဆင့်တွင် ဦးစီးအရာရှိ/ မြို့နယ်ဦးစီးမှူးမှ တာဝန်ခံအဖြစ် ဆောင်ရွက်ပြီး တောအုပ်ကြီး (၁) ဦး၊ တောအုပ် (၂) ဦး (ထောက်ပံ့/ ပျိုးထောင်နှင့် တိုးချဲ့ပညာပေး)၊ တောခေါင်း (၃) ဦး (ကွင်းလုပ်ငန်း၊ ပျိုးဥယျာဉ်လုပ်ငန်း၊ တိုးချဲ့ပညာပေး)၊ တောကြပ် (၂) ဦး (ကွင်းလုပ်ငန်းနှင့် ပျိုး ဥယျာဉ်) စသည်ဖြင့် အနည်းဆုံး ဝန်ထမ်းအင်အားထား၍ တာဝန်ပေးအပ်ရမည်။ လုပ်ငန်းပမာဏ များပြားပါက ဝန်ထမ်းအင်အား ပိုမိုတွဲဖက်ပေးရမည်။ တာဝန်ပေးအပ်မည့် အဖွဲ့အတွင်းရှိဝန်ထမ်းတစ်ဦးချင်းစီအတွက် တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်သည်-

၁။ ရာထူး မြို့နယ်ဦးစီးမှူး/ တောအုပ်ကြီး

လုပ်ငန်းတာဝန်များ
- CF လုပ်ငန်းအတွက် တာဝန်ချထားသည့် အဖွဲ့တွင် ပါဝင်သောဝန်ထမ်းများအားကြီးကြပ်ဆောင်ရွက်ရန်၊
- ဆောင်ရွက်ခွင့် လက်မှတ်ထုတ်ပေးပြီးသည့် CF များ၏ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ပါ လုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊
- ဆောင်ရွက်ခွင့် လျှောက်ထားမှုများအား အချိန်မီ ဆောင်ရွက်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရေး ကြီးကြပ် ဆောင်ရွက်ရန်၊
- ဆောင်ရွက်ခွင့်လက်မှတ် ထုတ်ပေးပြီးသည့် CF များ ညွှန်ကြားချက်ပါတားမြစ်ချက်များ ဖောက်ဖျက် ကျူး

လွှန်ခြင်း မရှိစေရေး ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်းအား ကြီးကြပ်ဆောင်ရွက်ရန်၊

- အငြင်းပွားမှုများ ဖြစ်ပွားလာပါက အချိန်မီ ဖြေရှင်းနိုင်ရေး အထက်အရာရှိသို့ လေ့လာတင်ပြရန်/ ညှိနှိုင်းဆောင်ရွက်ရန်၊
- CF ဧရိယာအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားလာပါက ထိုက်သင့်သည့် လျော်ကြေးပမာဏ ရရှိစေရေး ကူညီ ဆောင်ရွက်နိုင်ရန် အထက်အရာရှိသို့ အချိန်မီ လေ့လာ တင်ပြရန်/ ညှိနှိုင်း ဆောင်ရွက်ရန်၊
- CF မှ သစ်တောထွက် ပစ္စည်းများကို ညွှန်ကြားချက်ပါ အတိုင်းစနစ်တကျထုတ်ယူရောင်းချနိုင်ရေးနှင့် ဝင်ငွေ တိုးလုပ်ငန်းများ ပံ့ပိုးကူညီ ဆောင်ရွက်ခြင်းကို ကြီးကြပ် ဆောင်ရွက်ရန်၊
- မြို့နယ်အတွင်း ဆောင်ရွက်ခွင့် လက်မှတ်ထုတ်ပေးပြီးသည့် CF များ ကွန်ယက်ဖွဲ့စည်းနိုင်ရေး (အထက်အရာရှိ၏ မိန့်မှတ်ချက်ခံယူ၍)ချိတ်ဆက် ဆောင်ရွက်ရန်၊

၂။ ရာထူး လုပ်ငန်း တာဝန်များ

တောအုပ် (တိုးချဲ့ပညာပေး)

- ဒေသခံပြည်သူများ CF လုပ်ငန်းတွင် ပါဝင် ဆောင်ရွက်လာစေရေး ဟောပြော စည်းရုံးရန်၊
- တိုးချဲ့ပညာပေးရေးလုပ်ငန်းများအား ပုံမှန် ဆောင်ရွက်ရန်၊
- စိတ်ပါဝင်စားသည့် ဒေသခံများ စနစ်တကျ ဆောင်ရွက်ခွင့် လျှောက်ထားနိုင်ရေး ကူညီ ဆောင်ရွက် ရန်၊
- အသုံးပြုသူအဖွဲ့များ သစ်တောဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် ကူညီ ဆောင်ရွက်ရန်၊
- အသုံးပြုသူအဖွဲ့များ ကွန်ယက်ဖွဲ့စည်းနိုင်ရေး ပံ့ပိုး ကူညီဆောင်ရွက်ရန်၊
- အသစ်ထုတ်ပြန်သည့်ညွှန်ကြား ချက်များအား အသိပေးရန်၊
- ဆောင်ရွက်ခွင့်လက်မှတ် ထုတ်ပေးပြီးသည့် CF များ ညွှန်ကြားချက်ပါတားမြစ်ချက်များ ဖောက်ဖျက် ကျူးလွန်ခြင်း မရှိစေရေး ပုံမှန် ကွင်းဆင်းစစ်ဆေးရန်၊

- အငြင်းပွားမှုများ ဖြစ်ပွားလာပါက အချိန်မီ ဖြေရှင်းနိုင်ရေး အထက်အရာရှိသို့ အချိန်မီ တင်ပြရန်၊
- CF ဧရိယာအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားလာပါက ထိုက်သင့်သည့် လျော်ကြေးပမာဏ ရရှိစေရေး ကူညီ ဆောင်ရွက်နိုင်ရန် အထက်အရာရှိသို့ အချိန်မီ တင်ပြရန်၊

၃။ ရာထူး တောအုပ် (ထောက်ပံ့/ ပျိုးဥယျာဉ်)

လုပ်ငန်းတာဝန်များ
- ဆောင်ရွက်ခွင့်လက်မှတ် ထုတ်ပေးပြီးသည့် CF များအား ညွှန်ကြားချက်ပါ သစ်တောဦးစီးဌာနမှ ပံ့ပိုးကူညီပေးရမည့် အကူအညီများ အချိန်မီပေးနိုင်ရေး ကြိုတင်ပြင်ဆင်ရန်၊
- အသုံးပြုသူအဖွဲ့များလိုအပ်သည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ဆောင်ရွက်နိုင်ရေး အထက် အဆင့်ဆင့်သို့တင်ပြရန်၊
- သစ်တောထွက်ပစ္စည်းများ စနစ်တကျ ထုတ်ယူရောင်းချနိုင်ရေးနှင့် ဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီ ဆောင်ရွက်ရန်၊
- ဆောင်ရွက်ခွင့်လက်မှတ် ထုတ်ပေးပြီးသည့် CF များ ညွှန်ကြားချက်ပါတားမြစ်ချက်များ ဖောက်ဖျက် ကျူးလွန်ခြင်း မရှိစေရေး ပုံမှန် ကွင်းဆင်း စစ်ဆေးရန်၊

## လုပ်ငန်းစဉ် (၂) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ မျှဝေခြင်း

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွင် ဒေသခံပြည်သူများ၊ ဆက်စပ်ဌာနနှင့် အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာစေရေး CF တည်ထောင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ဟောပြော မျှဝေပေးရန် လိုအပ်သည်။ သတင်းအချက်အလက်မျှဝေခြင်း၊ စည်းရုံးခြင်း လုပ်ငန်းများကို အောက်ဖော်ပြပါ နည်းလမ်းများမှတဆင့် ဆောင်ရွက်နိုင်သည်-

(က) အစည်းအဝေးများတွင် တင်ပြဆွေးနွေးခြင်း

သစ်တောဝန်ထမ်းများအနေဖြင့် မိမိတက်ရောက်ခွင့်ရသော အစည်းအဝေးများတွင် CF တည်ထောင်ခြင်းဆိုင်ရာသတင်းအချက်အလက်များကို တင်ပြဆွေးနွေးခြင်းဖြင့် မျှဝေနိုင်သည်။

(ခ) သင်တန်းများ ကျင်းပခြင်း
ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ သင်တန်းများကျင်းပခြင်း၊ ဆက်စပ်သင်တန်းများတွင် CF လုပ်ငန်းဆိုင်ရာ ဘာသာရပ်များ ထည့်သွင်း ပို့ချခြင်းအားဖြင့် သတင်းအချက်အလက် မျှဝေနိုင်သည်။

(ဂ) ပြခန်းများတွင် CF လုပ်ငန်းဆိုင်ရာပြကွက်များ ထည့်သွင်း ပြသခြင်း၊ အထိမ်းအမှတ်ပြပွဲ၊ ပြခန်းများတွင် CF လုပ်ငန်း ဆိုင်ရာ ပြကွက်များထည့်သွင်း၍ သတင်းအချက်အလက်မျှဝေနိုင်သည်။

(ဃ) ဆိုင်းဘုတ်များ စိုက်ထူခြင်း
လူစည်ကားသောနေရာများတွင် CF လုပ်ငန်းဆိုင်ရာ ဆိုင်းဘုတ်များစိုက်ထူထားခြင်းဖြင့် သတင်းအချက်အလက်မျှဝေနိုင်သည်။

(င) လက်ကမ်းစာစောင်များ၊ ပိုစတာများ ဖြန့်ဝေခြင်း CF လုပ်ငန်းဆိုင်ရာ ပိုစတာများ၊ လက်ကမ်းစာစောင်များအား ပြင်ဆင်ဖြန့်ဝေခြင်း ဖြင့် သတင်းအချက် အလက်မျှဝေနိုင်သည်။

(စ) သစ်တောလုပ်ငန်းများ ဆောင်ရွက်စဉ် ဆွေးနွေးပြောဟောခြင်း
သစ်တောလုပ်ငန်းများ ဆောင်ရွက်ရန် ကျေးလက်ဒေသများသို့ သွားရောက်စဉ် ထိတွေ့ရသော ကျေးလက်ပြည်သူတို့အား CF လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဟောပြော ဆွေးနွေးခြင်းဖြင့် မျှဝေနိုင်သည်။

## လုပ်ငန်းစဉ် (၃) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းခြင်း

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော ရေရှည်တည်တံ့စွာ အောင်မြင်ခြင်းသည် အဆိုပါတောကို စီမံအုပ်ချုပ်မည့် အသုံးပြုသူအဖွဲ့ဝင်များ၏ စိတ်ပါဝင်စားမှု၊ အရည်အချင်းတို့အပေါ်တွင် မူတည်သည်။ သို့ဖြစ်၍ အသုံးပြုသူအဖွဲ့ ဖွဲ့စည်းရာတွင် အမှန်တကယ် စိတ်ပါဝင်စားသူများ ပါဝင် ဖွဲ့စည်းနိုင်ရေး ပံ့ပိုးကူညီပေးရန် အရေးကြီးသည်။

အသုံးပြုသူအဖွဲ့ မဖွဲ့စည်းမီ ညွှန်ကြားချက်ပါ အသုံးပြုသူအဖွဲ့၏ တာဝန်ဝတ္တရားများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ရပိုင်ခွင့်နှင့် တားမြစ်ချက်များကို သဘောပေါက် နားလည်စေရေး ရှင်းလင်းဆွေးနွေးပေးရမည်။

## လုပ်ငန်းစဉ် (၄) အသုံးပြုသူများအဖွဲ့ စီမံခန့်ခွဲမှု ကော်မတီ ဖွဲ့စည်းခြင်း

စီမံခန့်ခွဲမှုကော်မတီသည် အသုံးပြုသူအဖွဲ့ကိုယ်စား သစ်တောဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် ဆက်သွယ် ဆောင်ရွက်ရခြင်း၊ အသုံးပြုသူအဖွဲ့အား ဦးဆောင်မှုပေးရခြင်း စသည်တို့ကြောင့် ကော်မတီတွင် အရည်အချင်းရှိသည့် အဖွဲ့ဝင်များပါဝင်ရန် လိုအပ်သည်။ သို့ဖြစ်၍ ကော်မတီဝင်များ ရွေးချယ်ရာတွင် အောက်ဖော်ပြပါ အရည်အချင်းများရှိသည့် အဖွဲ့ဝင်များ ရွေးချယ်နိုင်ရေး ပံ့ပိုးကူညီရမည်-

- အကျင့် စာရိတ္တကောင်း၍ ဥပဒေကို လေးစားလိုက်နာသူ
- ဦးဆောင်မှုပေးနိုင်သူ
- အဖွဲ့ဝင်များနှင့်တကွ ပတ်ဝန်းကျင်မှလေးစားသူ
- ဆက်ဆံရေးပြေပြစ်၍ အမြော်အမြင်ရှိသူ
- အခြေခံပညာအသင့်အတင့်ရှိသူ

ထို့အပြင်အောက်ပါအချက်များကိုလည်း ဆောင်ရွက်ရမည်-

- စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် ကော်မတီဝင် (၂) ဦးကို လွတ်လပ်စွာ မဲပေးစနစ်ဖြင့် ရွေးချယ်စေပြီး အရည်အချင်းရှိသူများ ပါဝင်စေရေး စည်းရုံးအကြံပြုခြင်း၊
- အသုံးပြုသူအဖွဲ့၏ အဖွဲ့တွင်းစည်းမျဉ်းစည်းကမ်းများကို အများသဘောတူ ရေးဆွဲနိုင်ရေး အကြံ ပြုဆွေးနွေးခြင်း၊
- စီမံခန့်ခွဲမှု ကော်မတီဝင်နှင့် အသုံးပြုသူအဖွဲ့ဝင်များသို့ တာဝန်နှင့်ဝတ္တရားများ၊ တားမြစ်ချက်များနှင့် မသိမဖြစ် အကြောင်းအရာများကို ထပ်မံအတည်ပြုအသိပေးခြင်းနှင့် ညွှန်ကြားချက်၊ ဆက်စပ်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အသိပေးဆွေးနွေးခြင်း၊
- စီမံခန့်ခွဲမှု ကော်မတီအား ပြန်လည်ဖွဲ့စည်းလိုပါက အဖွဲ့ဝင်အများစု၏ သဘောတူညီမှုဖြင့် ပြန်လည်ရွေးကောက်နိုင်ကြောင်းကို အသိပေးခြင်း၊

**လုပ်ငန်းစဉ် (၅)** **ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဆောင်ရွက်ခွင့် လျှောက်ထားလိုသည့် မြေနေရာအား ကနဦး ကွင်းဆင်းစစ်ဆေးခြင်း**

လျှောက်လွှာမတင်မီ ဆောင်ရွက်ခွင့် လျှောက်ထားလိုသည့် မြေနေရာအား ကွင်းဆင်း စစ်ဆေးခြင်းသည် အသုံးပြုသူများအဖွဲ့၏ တာဝန်ဖြစ်သည်။ သို့ရာတွင် တာဝန်ကျ သစ်တောဝန်ထမ်းသည် အသုံးပြုသူအဖွဲ့နှင့်အတူ ကွင်းဆင်းစစ်ဆေးခြင်းဖြင့် မလိုလားအပ်သော အငြင်းပွားမှုများကို ဟန့်တားနိုင်ရုံသာမက လျှောက်လွှာတင်ပြီး ဆောင်ရွက်ရမည့် ကွင်းဆင်းအတည်ပြုခြင်း လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပြီးစီးနိုင်သည်။ ကနဦး ကွင်းဆင်းစစ်ဆေးစဉ်တော၏အခြေအနေ၊ မြေအနေအထားစသည်တို့ကို လေ့လာမှတ်သားထားခြင်းဖြင့် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲရာတွင် ထိရောက်စွာ ပံ့ပိုးကူညီနိုင်မည်ဖြစ်သည်။

**လုပ်ငန်းစဉ် (၆)** **ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့် လျှောက်လွှာတင်ခြင်း**

ရွေးချယ်ထားသောမြေနေရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိရန် အသုံးပြုများအဖွဲ့ကိုယ်စား ဥက္ကဋ္ဌမှ မြို့နယ်သစ်တောအရာရှိမှတဆင့် ခရိုင်သစ်တောအရာရှိထံသို့ သတ်မှတ်ထားသောပုံစံ **(ပုံစံ ၁)**ဖြင့် လျှောက်ထားရမည်။ သက် ဆိုင်ရာသစ်တောဝန်ထမ်းများမှ အောက်ပါတို့ကို ပံ့ပိုးကူညီရမည်–

- ဆောင်ရွက်ခွင့် လျှောက်လွှာပါ ဖြည့်သွင်းရမည့် အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးခြင်း၊
- လျှောက်ထားမည့် ဧရိယာ၏ တည်နေရာပြမြေပုံ ရေးဆွဲရာတွင် ကူညီခြင်း၊
- လျှောက်ထားမည့်ဧရိယာသည် သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲနိုင်သည့်မြေမဟုတ်လျှင် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊
- ဥက္ကဋ္ဌ (သို့) ကော်မတီဝင်တစ်ဦးကို မြို့နယ်သစ်တောဦးစီးဌာနသို့ သွားရောက် လျှောက်ထားနိုင်ရေး ကူညီဆောင်ရွက်ခြင်း၊
- လျှောက်လွှာလက်ခံရရှိကြောင်း အထောက်အထား (မြို့နယ်သစ်တော အရာရှိမှ) ထုတ်ပေးခြင်း၊
- လျှောက်လွှာတင်ထားမှု အခြေအနေအား မေးမြန်းစုံစမ်းပါက

ရှင်းလင်း ပြောကြားခြင်း။

## လုပ်ငန်းစဉ် (၇) လျှောက်ထားသည့် မြေနေရာအား ကွင်းဆင်း အတည်ပြုခြင်း

ခရိုင်သစ်တောအရာရှိသည် လျှောက်ထားခြင်းကို သဘောတူ လက်ခံပါက လျှောက်ထားသည့် မြေနေရာအား ကွင်းဆင်းစစ်ဆေးပြီး ပြန်လည်တင်ပြရန် သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနသို့ အကြောင်းကြားရမည်။ ညွှန်ကြားချက်ရရှိပါက မြို့နယ်သစ်တောအရာရှိသည် နယ်မြေ ကျွမ်းကျင်သော တောအုပ်ကြီး/တောအုပ်အဆင့် ဝန်ထမ်းကို ကွင်းဆင်းစစ်ဆေးပြီး လျှောက်ထားမှုအပေါ် သဘောထားမှတ်ချက်နှင့်အတူ ပြန်လည်တင်ပြရန် တာဝန်ပေးအပ်ရမည်။ ကွင်းဆင်းစစ်ဆေးစဉ် အငြင်းပွားမှုများ၊ ပဋိပက္ခများ ရှောင်ရှားနိုင်ရန် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ လျှောက်ထားသည့် မြေဧရိယာနှင့် ဆက်စပ်လျက်ရှိသည့် ဒေသခံတို့ကို ပါဝင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရမည်။

ကွင်းဆင်းစစ်ဆေးပြီးနောက် ခရိုင်သစ်တောအရာရှိထံ ကွင်းဆင်းစစ်ဆေးခြင်း အစီအရင်ခံစာအား (**ပုံစံ ၂**) ဖြင့် ပြန်လည် တင်ပြရမည်။

ခရိုင်သစ်တောအရာရှိသည်တင်ပြလာသည့် ကွင်းဆင်းအစီရင်ခံစာပါ အချက်များအပေါ်မူတည်၍ ကြိုးဝိုင်းနှင့်ကြိုးပြင်ကာကွယ်တောအတွင်းရှိ ဧရိယာဖြစ်လျှင် စိစစ်အတည်ပြုခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေ၏ ကြားခံနယ်မြေအတွင်းရှိ ဧရိယာဖြစ်လျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးမှတဆင့် ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန၏ သဘောတူညီချက် ရယူ၍ အတည်ပြုခြင်း ဆောင်ရွက်ရမည်။ လျှောက်ထားလာသည့် မြေဧရိယာအား ဆောင်ရွက်ခွင့် ပြုနိုင်ကြောင်း အတည်ပြုပြီးလျှင် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရေးဆွဲတင်ပြနိုင်ရေး မြို့နယ်သစ်တောအရာရှိသို့ အကြောင်းကြားရမည်။

လျှောက်ထားသည့် မြေဧရိယာသည် သစ်တောဦးစီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ မဟုတ်လျှင် မြို့နယ်အဆင့်တွင် အဆိုပါမြေကို စီမံခန့်ခွဲလျက်ရှိသည့် ဌာန/ အဖွဲ့အစည်း (ဥပမာ။ မြို့နယ်မြေယာစီမံခန့်ခွဲရေးကော်မတီ)၏ အတည်ပြုချက်(သို့မဟုတ်) အစည်းအဝေးမှတ်တမ်းအား ညှိနှိုင်းရယူပြီး ခရိုင်သစ်တောအရာရှိသို့ တင်ပြရမည်။

ခရိုင်သစ်တောအရာရှိမှ အဆိုပါမြေကို စီမံခန့်ခွဲလျက်ရှိသည့် အဖွဲ့အစည်း/ဌာန (ဥပမာ။ မြေယာစီမံခန့်ခွဲရေးကော်မတီ)၏ အတည်ပြုချက်ရရှိရေး ညှိနှိုင်းဆောင်ရွက်ရမည်။

လျှောက်ထားသည့် မြေနေရာအား ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအဖြစ် ဆောင်ရွက်ခွင့်မပြုနိုင်လျှင် ခွင့်မပြုနိုင်သည့် အကြောင်းရင်းများ ဖော်ပြ၍ လျှောက်ထားသည့် ဒေသခံတို့အား အကြောင်းကြားရမည်။

**လုပ်ငန်းစဉ် (၈) အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရေးဆွဲတင်ပြခြင်း**

ခရိုင်သစ်တော အရာရှိထံမှ အတည်ပြုချက် ရရှိပြီးလျှင် မြေ ဧရိယာတိုင်းတာခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်း၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရေးဆွဲရာတွင် ထည့်သွင်းရမည့် အချက်အလက်များအား ကောက်ယူခြင်းတို့ကို အသုံးပြုသူအဖွဲ့ဝင်များအား ပံ့ပိုးကူညီရမည်။

အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲရာတွင် သက်ဆိုင်ရာ သစ်တောဝန်ထမ်းများမှ အောက်ပါတို့ကို ပံ့ပိုး ကူညီရမည်-

- အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ပါ အကြောင်းအရာများ **(ပုံစံ ၃)**ကို အသုံးပြုသူအဖွဲ့ဝင်များအား ရှင်းလင်းစွာ သဘောပေါက် နားလည်စေရေး ရှင်းလင်းဆွေးနွေးခြင်း၊
- လိုအပ်သော အချက်အလက်နှင့် မြေပုံများ ပြင်ဆင်ရေးဆွဲရာတွင် ကူညီခြင်း၊
- ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောအား စီမံအုပ်ချုပ်မည့် ရည်ရွယ်ချက်၊ ဆုံးဖြတ်ချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်ရာတွင် အသုံးပြုသူအဖွဲ့အား ကူညီ၍ သတ်မှတ်ထားသည့် စီမံချက် ပုံစံ **(ပုံစံ ၃)** ဖြင့် ရေးသားနိုင်ရေး ကူညီခြင်း၊
- အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရေးဆွဲခြင်းအား ကူညီဆောင်ရွက်ပေးမည့် အဖွဲ့အစည်းများရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊
- အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်မူကြမ်းပြီးစီးပါက မြို့နယ်သစ်တောအရာရှိထံ တင်ပြ၍ ပြင်ဆင်ဖြည့်စွက်နိုင်ရေး အသုံးပြုသူအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊
- အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရေးဆွဲပြီးပါက မြို့နယ်သစ်တောအရာရှိမှတဆင့် ခရိုင်သစ်တောအရာရှိထံ တင်ပြ အတည်ပြုချက် ရယူခြင်း။

*[ဆောင်ရွက်ခွင့် လက်မှတ်ရရှိပြီး လုပ်ငန်းအကောင်အထည်ဖော်ခြင်း စတင် ဆောင်ရွက်*

*ပြီးနောက် လုပ်ငန်းလိုအပ်ချက်အရ လည်းကောင်း၊ ပြောင်းလဲလာသော အခြေအနေများ အရလည်းကောင်း အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်အား အသုံးပြုသူအဖွဲ့မှ ပြန်လည်ပြင်ဆင်လိုပါက သက်ဆိုင်ရာ မြို့နယ်သစ်တောအရာရှိ မှတဆင့် ခရိုင်သစ်တောအရာရှိထံသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။]*

**လုပ်ငန်းစဉ် (၉)　ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ် ထုတ်ပေးခြင်း**

အသုံးပြုသူအဖွဲ့မှ တင်ပြသည့် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်အား ခရိုင်သစ်တောအရာရှိ၏ အတည်ပြုချက်ရရှိပါက သတ်မှတ်ထားသည့် ဆောင်ရွက်ခွင့်လက်မှတ်ပုံစံ **(ပုံစံ ၄)**ဖြင့် အသုံးပြုသူအဖွဲ့သို့ သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိမှ လက်မှတ်ရေးထိုး၍ ထုတ်ပေးရမည်။ ဆောင်ရွက်ခွင့်လက်မှတ် မူရင်းအား စီမံအုပ်ချုပ်မှု ကော်မတီအား သိမ်းဆည်းစေပြီး အဖွဲ့ဝင်များအား လက်မှတ် မိတ္တူ တစ်စောင်စီ ပေးအပ်နိုင်ရေး ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

လက်မှတ်ပေးအပ်စဉ်တွင် သက်ဆိုင်ရာ သစ်တောဝန်ထမ်းသည် အသုံးပြုသူအဖွဲ့ဝင်များ လိုက်နာရမည့် စည်းကမ်းချက်များ၊ တားမြစ်ချက်များ၊ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို အဖွဲ့ဝင်များအားလုံး နားလည် သဘောပေါက်စေရန် ရှင်းလင်းဆွေးနွေးရမည်။

ဖြစ်နိုင်လျှင် ဆောင်ရွက်ခွင့်လက်မှတ် ပေးအပ်ပွဲအား အခမ်းအနားဖြင့် ကျင်းပ၍ စိတ်ပါဝင်စားသည့် ဒေသခံများ၊ ဆက်စပ်ဌာနများ၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အဖွဲ့အစည်းများအား ဖိတ်ကြားဆောင်ရွက်ရမည်။

*[ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်အား နှစ် (၃၀) ဆောင်ရွက်ခွင့်ပြုပြီး အသုံးပြုသူအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ဆက်လက်ဆောင်ရွက်လိုသည့် သဘောထားဆန္ဒတို့အပေါ် မူတည်၍ ခရိုင်သစ်တောအရာရှိမှစိစစ်၍ တစ်ကြိမ်လျှင် နှစ်(၃၀)ဖြင့် အကြိမ်ကြိမ် သက်တမ်းတိုး ဆောင်ရွက်နိုင်ကြောင်းကို အသုံးပြုသူအဖွဲ့ဝင်များအား ကြိုတင်အသိပေးရမည်။*

*အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ခွင့်လက်မှတ် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်ခဲ့လျှင် ကျန်ရှိသည့် ဆောင်ရွက်ခွင့်ကာလကို ဖော်ပြ၍ လက်ရှိ ခရိုင်သစ်တောအရာရှိက လက်မှတ်ရေးထိုး၍ ဆောင်ရွက်ခွင့် လက်မှတ်အသစ် ထုတ်ပေးရမည်။]*

**လုပ်ငန်းစဉ် (၁၀) အသုံးပြုသူအဖွဲ့မှ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း**

အသုံးပြုသူအဖွဲ့သည် အတည်ပြုချက်ရရှိထားသော အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးကြပ် ဆောင်ရွက်ရမည်။ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ပါ သစ်တောလုပ်ငန်းများ စနစ်တကျ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပထမခုတ်ပတ်အတွက် လိုအပ်သော သစ်စေ့နှင့် ပျိုးပင်၊ သစ်တော ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များ ကူညီပံ့ပိုးရမည်။

အသုံးပြုသူအဖွဲ့ စိုက်ပျိုးလိုသည့် သစ်မျိုးပျိုးပင်များ အချိန်မီ လုံလောက်စွာ ထောက်ပံ့နိုင်ရန်၊ စိုက်ပျိုးလိုသည့် နည်းစနစ်နှင့် သဘာဝတောပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များ ပံ့ပိုးကူညီနိုင်ရန် လုပ်ငန်းမဆောင်ရွက်မီ အသုံးပြုသူအဖွဲ့ဝင်များနှင့် ကြိုတင်၍ ဆွေးနွေး သဘောထား တောင်းခံရမည်။ လိုအပ်ပါက သရုပ်ပြ ဆောင်ရွက်ခြင်း၊ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

**ဆောင်ရွက်ခွင့်ပယ်ဖျက်ခြင်းနှင့် အရေးယူခြင်း**

၅။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ပါ ပြဋ္ဌာန်းချက်များနှင့် သစ်တောဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက် ကျူးလွန်လျှင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောအရာရှိ၏ သဘောတူညီချက်ရယူ၍ ဆောင်ရွက်ခွင့် လက်မှတ် ရုတ်သိမ်းရမည်။ အကယ်၍ သစ်တောဥပဒေ၊ နည်းပဒေပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို ဖောက် ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ ဥပဒေ ပုဒ်မများအတိုင်း တရားစွဲဆို အရေးယူ ဆောင်ရွက်ရမည်။

ဆောင်ရွက်ခွင့် ရုတ်သိမ်းရာတွင် ဆောင်ရွက်ခွင့်ရုတ်သိမ်းရသည့် အကြောင်းရင်း (များ) ကို ဖော်ပြပြီး အသုံးပြုသူအဖွဲ့ဥက္ကဋ္ဌထံသို့ လိပ်မူ၍ ဆောင်ရွက်ခွင့်လက်မှတ် ပြန်လည်အပ်နှံရန် အကြောင်းကြားရမည်။ ထိုကဲ့သို့ အကြောင်းကြားရာတွင် ဆောင်ရွက်ခွင့် လက်မှတ် ရုတ်သိမ်းခံရမှုအပေါ် ကျေနပ်မှုမရှိပါက ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာနထံသို့ ရက်ပေါင်း(၉၀)အတွင်း အယူခံဝင်နိုင်ကြောင်းကိုပါ တပါတည်း ဖော်ပြပေးရမည်။

## ဆောင်ရွက်ခွင့် ပယ်ဖျက်ပြီးသည့် မြေအား စီမံခန့်ခွဲခြင်း

၆။ ဆောင်ရွက်ခွင့် ပယ်ဖျက်ပြီးသည့်မြေသည် သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေဖြစ်လျှင် မူလသစ်တောနယ်မြေ သတ်မှတ်ချက်အတိုင်း တည်ရှိရမည်။ သစ်တောနယ်မြေပြင်ပဖြစ်လျှင် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းခြင်း (သို့မဟုတ်) သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် ပြောင်းလဲဆောင်ရွက်ရမည်။

## ထုတ်ယူသုံးစွဲခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းအား ကြီးကြပ်ဆောင်ရွက်ခြင်း

၇။ အသုံးပြုသူအဖွဲ့သည် CF မှ သစ်တောထွက်ပစ္စည်း ထုတ်ယူသုံးစွဲလိုကြောင်း တင်ပြလာလျှင် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်။ သဘာဝတောမှ သစ်တောထွက် ပစ္စည်းထုတ်ယူခွင့် တင်ပြလာလျှင် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ပါ သစ်တောသယံဇာတစာရင်းနှင့် လက်ရှိ ကောက်ယူရရှိသည့် သစ်တောသယံဇာတစာရင်းများအပေါ်မူတည်၍ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး ထုတ်ယူသုံးစွဲသင့်သည့်ပမာဏအား အသုံးပြုသူအဖွဲ့နှင့် ညှိနှိုင်းဆုံးဖြတ်ရမည်။ ထုတ်ယူသုံးစွဲသည့် သစ်တောထွက်ပစ္စည်းများအား စိစစ်ပြီး CF တံဆိပ် **(ပုံစံ ၆)**ကို ရိုက်နှိပ်ပြီး ထုတ်ယူ သည့်ပမာဏကို စနစ်တကျ မှတ်တမ်းထားရှိရေး ကြီးကြပ်ဆောင်ရွက်ရမည်။

CF မှ သစ်တောထွက်ပစ္စည်း ထုတ်ယူသုံးစွဲမှုများအား ထုတ်ယူသုံးစွဲသည့် ရည်ရွယ်ချက်အလိုက် အောက်ပါအတိုင်း ကြီးကြပ်ဆောင်ရွက်ရမည်-

(က) မိမိသုံးအတွက် ထုတ်ယူသုံးစွဲခြင်း

အသုံးပြုသူအဖွဲ့သည် မိမိသုံးအတွက် ထုတ်ယူသုံးစွဲခြင်းဖြစ်လျှင် သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်မလိုဘဲ ထုတ်ယူသုံးစွဲနိုင်သည်။ သို့ရာတွင် ထုတ်ယူသုံးစွဲသည့် အသေးစိတ်အစီရင်ခံစာအား တစ်ပတ်အတွင်း မြို့နယ် သစ်တောအရာရှိမှတစ်ဆင့် ခရိုင်သစ်တောအရာရှိထံသို့ တင်ပြနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရမည်။

မိမိသုံးအတွက် ထုတ်ယူသုံးစွဲသည့် သစ်တောထွက်ပစ္စည်းများအတွက် အခွန်ငွေ ကောက်ခံခြင်းမပြုရ။ သို့ရာတွင် တရားမဝင် ထုတ်ယူသုံးစွဲမှုများနှင့် ခွဲခြားနိုင်ရန် ခါးလည်လုံးပတ် ၁ ပေ အထက် တိုင်နှင့် သစ်လုံးဖြစ်လျှင် အခွန်လွတ် တံဆိပ် **(ပုံစံ ၆)** ရိုက်နှိပ်ပေးရမည်။

( ခ ) စီးပွားဖြစ် ထုတ်ယူသုံးစွဲခြင်း

အသုံးပြုသူအဖွဲ့သည် CF မှ သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ် ထုတ်ယူသုံးစွဲခြင်းအတွက် သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်တောင်းခံရမည်။ သက်

ဆိုင်ရာ သစ်တောဝန်ထမ်းများသည် စီးပွားဖြစ်ထုတ်ယူသုံးစွဲခြင်းအား တော၏ ရေရှည်တည်တံ့မှု မထိခိုက်စေရေး ကြီးကြပ်ဆောင်ရွက်ရမည်။

CF မှ ထွက်ရှိသည့် သစ်တောထွက် ပစ္စည်းများကို မိမိတို့၏ ကျေးရွာအတွင်း နေထိုင်သူများအား လွပ်လပ်စွာ ရောင်းချနိုင်သည်။ ထိုသို့ရောင်းချသည့် သစ်တောထွက်ပစ္စည်းများအပေါ် အခွန်ငွေ ကောက်ခံခြင်းမပြုရ။ သို့ရာတွင် ခါးလည် လုံးပတ် ၁ ပေအထက် တိုင်နှင့်သစ်ဖြစ်လျှင် အခွန်လွတ်တံဆိပ် **(ပုံစံ ၆)** ရိုက်နှိပ်ပေးရမည်။

အသုံးပြုသူအဖွဲ့သည် သစ်တောထွက်ပစ္စည်းများကို ကျေးရွာပြင်ပသို့ ရောင်း ချနိုင်သည်။ ထိုသို့ရောင်းချသည့် သစ်တောထွက်ပစ္စည်းများအတွက် သတ် မှတ်ထားသည့် အခွန်အခများကို ကောက်ခံပြီး CF မှ ထွက်ရှိသည့် သစ်တော ထွက်ပစ္စည်းများအတွက် သတ်မှတ်ထားသည့် အကောက်တံဆိပ် **(ပုံစံ ၆)** ရိုက်နှိပ်ပေးရမည်။

## သယ်ယူခြင်းအား ကြီးကြပ်ဆောင်ရွက်ခြင်း

၈။ CF မှ ထွက်ရှိသော သစ်တောထွက်ပစ္စည်းများ ရောင်းချခြင်းအတွက် အသုံးပြု နိုင်ရန် အရောင်းပြေစာကို သတ်မှတ်ထားသည့် ပုံစံ **(ပုံစံ ၇)** ဖြင့် သက်ဆိုင် ရာ ခရိုင်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်၍ ထုတ်ပေးရမည်။ CF မှ ထွက်ရှိသော သစ်တောထွက်ပစ္စည်းများ ရောင်းချရာတွင် အသုံးပြုသူအဖွဲ့မှ အရောင်းပြေစာ ထုတ်ပေးခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းတို့အား အောက်ပါအတိုင်း ကြီးကြပ်ဆောင်ရွက်ရမည်–

(က) မြို့နယ်အတွင်း သယ်ယူသည့် သစ်တောထွက် ပစ္စည်းများအတွက် အရောင်း ပြေစာကို မူရင်းနှင့် ပထမမူရင်းခွဲ နှစ်စုံ ပြုလုပ်စေပြီး ဝယ်ယူသူအား မူရင်းကို လည်းကောင်း၊ မူရင်းခွဲအား ကော်မတီ လက်ခံအဖြစ် သိမ်းဆည်း ထားရန်၊

(ခ) မြို့နယ်ပြင်ပသယ်ယူသည့် သစ်တောထွက်ပစ္စည်းများအတွက် အရောင်း ပြေစာကို မူရင်း၊ ပထမ မူရင်းခွဲ၊ ဒုတိယမူရင်းခွဲ သုံးစုံ ပြုလုပ်စေပြီး ဝယ်ယူသူ အား မူရင်းကို လည်းကောင်း၊ မြို့နယ်သစ်တောအရာရှိအား ဒုတိယ မူရင်းခွဲ ကိုလည်းကောင်း၊ ပထမမူရင်းခွဲအား ကော်မတီလက်ခံအဖြစ် ထားရှိရန်၊

(ဂ) ပြေစာများအပေါ်တွင် တိုင်နှင့်သစ်များအပေါ်၌ရိုက်နှိပ်ထားသည့် အကောက် တံဆိပ် ရိုက်နှိပ်ပေးရန်၊

(ဃ)CF မှ ထွက်ရှိသည့် သစ်တောထွက် ပစ္စည်းများကို မြို့နယ်အတွင်း သယ်ယူ ရွှေ့ပြောင်းခြင်းအား အသုံးပြုသူအဖွဲ့မှထုတ်ပေးသည့် အရောင်းပြေစာဖြင့်

သယ်ယူရွှေ့ပြောင်းခွင့်ပြုရန်၊

(င) မြို့နယ်ပြင်ပ သယ်ယူခြင်းအတွက် သက်ဆိုင်ရာ မြို့နယ်သစ်တောအရာရှိသည် အသုံးပြုသူများအဖွဲ့မှ ထုတ်ပေးသည့်အရောင်း ပြေစာအား အထောက်အထားပြု၍ လုပ်ထုံးလုပ်နည်းနှင့်အညီ မျှောစာထုတ်ပေးရန်။

## ကြီးကြပ်စစ်ဆေးခြင်းနှင့် အစီရင်ခံစာများ တင်ပြခြင်း

၉။ ဆောင်ရွက်ခွင့်လက်မှတ်ထုတ်ပေးပြီးနောက် ကြီးကြပ်စစ်ဆေးခြင်း၊ အစီရင်ခံစာ တင်ပြခြင်းတို့ကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(က) မှတ်တမ်းစာအုပ်

ခရိုင်သစ်တောအရာရှိသည် ဆောင်ရွက်ခွင့်လက်မှတ် ထုတ်ပေးပြီးပါက အဆိုပါဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား စုစည်း၍ မှတ်တမ်းစာအုပ်ပြုစုပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောအရာရှိထံ တင်ပြခြင်း၊ မိတ္တူကို သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောနှင့်မှတ်တမ်းများစစ်ဆေးခြင်း

မြို့နယ်သစ်တောအရာရှိနှင့် ခရိုင်သစ်တောအရာရှိသည် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်အတိုင်း အကောင်အထည်ဖော်မှု ရှိမရှိ၊ မှတ်တမ်းမှတ်ရာများ ထားရှိခြင်း ရှိမရှိ စသည်တို့ကို အနည်းဆုံး ၃ လလျှင်တစ်ကြိမ် ကွင်းဆင်း စစ်ဆေးပြီး လိုအပ်ချက်များကို အကြံပေးခြင်း၊ ပြုပြင်စေခြင်းများ ဆောင်ရွက်ရမည်။

(ဂ) လစဉ်လုပ်ငန်းတိုးတက်မှု အစီရင်ခံစာတင်ပြခြင်း

မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာအား သတ်မှတ်ထားသည့် ပုံစံများ **(ပုံစံ ၈)** ဖြင့် ပြုစု၍ လစဉ် (၂၅) ရက်နေ့ နောက်ဆုံး ထား၍ ညွှန်ကြားရေးမှူးချုပ်ရုံး၊ CF Unit သို့ တင်ပြရမည်။

(ဃ) ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာများ တင်ပြခြင်း

မြို့နယ်၊ ခရိုင်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် CF Unit အဖွဲ့ဝင်များသည် သက်ဆိုင်ရာ CF များသို့ ကွင်းဆင်း

စစ်ဆေးပြီး သတ်မှတ်ထားသည့် ပုံစံ **(ပုံစံ ၉)** ဖြင့် မှတ်တမ်း ဓါတ်ပုံများနှင့် အတူ ညွှန်ကြားရေးမှူးချုပ်ရုံး၊ CF Unit သို့ အပတ်စဉ် တင်ပြ ရမည်။

(င) နှစ်စဉ် တိုးတက်မှုအစီရင်ခံစာ

ဆောင်ရွက်ခွင့်လက်မှတ် ထုတ်ပေးပြီးသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ၏ နှစ်စဉ်တိုးတက်မှုအစီရင်ခံစာအား သတ်မှတ်ပုံစံ **(ပုံစံ ၅)** ဖြင့် အသုံးပြုသူအဖွဲ့အား ဘဏ္ဍာနှစ်ကုန်ဆုံးပြီး နှစ်လအတွင်း တင်ပြနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရမည်။ တင်ပြလာသည့် အစီရင်ခံစာအား ခရိုင် သစ်တောအရာရှိသည် သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ ပြည်ထောင်စု နယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် သစ်တော အရာရှိမှတဆင့် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး သုံးလအတွင်း တင်ပြရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန

**ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်လျှောက်လွှာ**

စာအမှတ်၊

ရက်စွဲ၊

မှတစ်ဆင့် မြို့နယ်သစ်တောအရာရှိ..................မြို့နယ်

သို့

လက်ထောက်ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန
.....................ခရိုင်
.....................ပြည်ထောင်စုနယ်မြေနေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ်

အကြောင်းအရာ။ **ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့် လျှောက်ထားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍--------------မြို့နယ်------------ ကျေးရွာမှ အိမ်ထောင်စု( )စုပါဝင်သည့် အသုံးပြုသူများအဖွဲ့သည် အောက်ဖော်ပြပါနေရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်လိုပါသောကြောင့် ခွင့်ပြုပေးနိုင်ပါရန် မြေပုံနှင့် တကွ ပူးတွဲတင်ပြ လျှောက်ထားအပ်ပါသည်။

(က) မြို့နယ် ----------------------------------------

(ခ) ကျေးရွာ ----------------------------------------

(ဂ) တည်နေရာ(သစ်တောနယ်မြေ/----------------------
အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ)----------------------

(ဃ) နယ်မြေလားရာ မြောက် ------------------------------
အရှေ့ ------------------------------
တောင် ------------------------------
အနောက်------------------------------

(င) ဧရိယာ-----------------------------------------------

(စ) သစ်တောအမျိုးအစား/-------------------------------
ပေါက်ရောက်သည့်အပင်များ-----------------------------

(ဆ) မြေပိုင်ဆိုင်မှု---------------------------------------------

(ဇ) အသုံးပြုသူများအဖွဲ့တွင် ပါဝင်သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အမည် | အဘအမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | လက်မှတ် |
|---|---|---|---|---|---|
| (၁) | | | | | |
| (၂) | | | | | |
| (၃) | | | | | |
| (၄) | | | | | |
| (၅) | | | | | |
| (၆) | | | | | |
| (၇) | | | | | |
| (၈) | | | | | |
| (၉) | | | | | |
| (၁၀) | | | | | |

၂။ လျှောက်ထားသည့်အတိုင်း ခွင့်ပြုပါက အသုံးပြုသူများအဖွဲ့သည် သစ်တောဥပဒေ၊ နည်းဥပဒေများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာ၍ ကျေးရွာလူထု ရေရှည်အကျိုးငှာ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် အစွမ်းကုန် စုပေါင်းဆောင်ရွက်ရန် ကတိပြုပါကြောင်း ဖော်ပြအပ်ပါသည်။

အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏ ထိုးမြဲလက်မှတ်-------------------
အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏ အမည်-------------------------
ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်။

## CF လျှောက်ထားသည့် မြေနေရာအား ကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာ

ပါဝင်ရမည့် အကြောင်းအရာများ

၁။ တည်နေရာ

၂။ နယ်နိမိတ်

၃။ မြေမျက်နှာပြင်အနေအထား

၄။ မြေအမျိုးအစား

၅။ စီမံခန့်ခွဲမှုအရ မြေအမျိုးအစား (သစ်တောမြေ/ အစိုးရ စီမံခန့်ခွဲခွင့်ရှိသောမြေ)

၆။ လက်ရှိ မြေအသုံးချမှုအခြေအနေ

၇။ တောအမျိုးအစားနှင့် ပေါက်ရောက်ပင်

၈။ သစ်တောထွက်ပစ္စည်းထုတ်ယူနိုင်မှုအခြေအနေ

၉။ လျှောက်ထားသည့် တောဧရိယာအပေါ် မှီခိုနေသော ကျေးရွာနှင့် လူဦးရေ

၁၀။ CF တည်ထောင်ခြင်းဖြင့် ရနိုင်သော အကျိုးကျေးဇူး (တိုက်ရိုက်/ သွယ်ဝိုက်)

၁၁။ ဆောင်ရွက်ခွင့် လျှောက်ထားမှုအပေါ် သဘောထားမှတ်ချက်

၁၂။ နောက်ဆက်တွဲများ

- (က) တည်နေရာပြ မြေပုံ
- (ခ) ဧရိယာပြ မြေပုံ
- (ဂ) တောအမျိုးအစားပြ မြေပုံ
- (ဃ) ပါဝင်ပင်ပြ မြေပုံ

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ပါဝင်ရမည့်အကြောင်းအရာများ

၁။ နိဒါန်း

၂။ ရည်ရွယ်ချက်

၃။ တည်နေရာနှင့်အကျယ်အဝန်း

၄။ ရာသီဥတု (အပူချိန်၊ မိုးရေချိန်)

၅။ မြေမျက်နှာပြင်အနေအထား

၆။ မြေအမျိုးအစား

၇။ လက်ရှိသစ်ပင်ပေါက်ရောက်မှုအခြေအနေ
(လက်ရှိသစ်တောသယံဇာတကို သစ်မျိုးအလိုက်ကောက်ယူမှတ်တမ်းတင်ခြင်း)

၈။ သစ်တောလုပ်ငန်းဆောင်ရွက်ခြင်း

(က) သစ်တောစိုက်ခင်းတည်ထောင်ခြင်း

(၁) ပျိုးဥယျာဉ် တည်ထောင်ခြင်း

(၂) စိုက်ခင်းမြေနေရာ ပြုပြင်ခြင်း

(၃) စိုက်ခင်းတည်ထောင်ခြင်း

(၄) ပေါင်းသင်ရှင်းလင်းခြင်း

(၅) မီးကာကွယ်ခြင်း

(၆) ပြုစုပျိုးထောင်နည်းစနစ်
(ပင်ကျပ်နှုတ်ခြင်း၊ ကိုင်းဖြတ်ခြင်း၊ ငုတ်တက်ချုန်ခြင်း စသည်)

(၇) ခုတ်ပတ်သတ်မှတ်ခြင်း

(၈) ခုတ်လှဲခြင်း

(၉) ဖြန့်ဖြူးခြင်း

(ခ) သဘာဝတောကို ထိန်းသိမ်းပြုစုခြင်း

(၁) အနားပေးရန်တောကိုပြုစုခြင်း

(၂) အစားထိုးစိုက်ပျိုးရန်နေရာတွင် သစ်တောအသစ်တည်ထောင်ခြင်း (စိုက်ခင်းအသစ် တည်ထောင်သည့်အတိုင်း ဆောင်ရွက်ရန်)
(၃) ပြုစုပျိုးထောင်နည်းစနစ်
(၄) ခုတ်လှဲခြင်း
(၅) ဖြန့်ဖြူးခြင်း

၉။ အသုံးပြုသူအဖွဲ့အတွင်း စည်းမျဉ်းစည်းကမ်းများ

၁၀။ ငွေကြေးစီမံခန့်ခွဲခြင်း
(က) အသုံးပြုသူများ အဖွဲ့အတွင်း အကျိုးအမြတ် ခွဲဝေမည့်စနစ်
(ခ) အသုံးပြုသူများ အဖွဲ့အတွင်း အကျိုးအမြတ် ခွဲဝေမည့်အချိုး
(ဂ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတွင် ပြန်လည်ထည့်ဝင်မည့် အချိုး
(ဃ) ဒေသခံပြည်သူအစုအဖွဲ့ဖွံ့ဖြိုးရေးအစီအစဉ်များတွင်ပြန်လည်ထည့်ဝင်မည့်အချိုး
(င) လှည့်ပတ်ရန်ပုံငွေအဖြစ် သတ်မှတ်မည့် အချိုးနှင့် စနစ်
(စ) သစ်တောထွက်ပစ္စည်းအခြေခံသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပြန်လည် ရင်းနှီးမြှုပ်နှံမည့်အချိုး

၁၁။ နိဂုံး

၁၂။ နောက်ဆက်တွဲများ
(က) တည်နေရာပြမြေပုံ
(ခ) ပါဝင်ပင်ပြမြေပုံ
(ဂ) အုပ်ချုပ်လုပ်ကိုင်မှုပြမြေပုံ
(ဃ) အသုံးပြုသူများအဖွဲ့ဝင်တစ်ဦးချင်းအလိုက် မြေနေရာခွဲခြားခြင်းပြမြေပုံ(လိုအပ်ပါက)
(င) အသုံးပြုသူများ အဖွဲ့ဝင်တစ်ဦးချင်းအလိုက် မြေနေရာခွဲဝေပေးခြင်း စာရင်း (လိုအပ်ပါက)
(စ) နှစ်အလိုက်ဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်မှုအခြေပြဇယား
(၁) စိုက်ပျိုးခြင်းလုပ်ငန်း
(၂) ပြုစုခြင်းလုပ်ငန်း
(၃) ထုတ်လုပ်ခြင်းလုပ်ငန်း
(၄) အကျိုးအမြတ်ခွဲဝေမှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန

ရုံးတံဆိပ် အမှတ်စဉ်

# လုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်

ဦး/ဒေါ် ………………

ဥက္ကဋ္ဌ

………………………… အသုံးပြုသူများအဖွဲ့

………………………… ကျေးရွာ

………………………… မြို့နယ်

…………ခရိုင်၊………ပြည်ထောင်စုနယ်မြေ နေပြည်တော် /တိုင်းဒေသကြီး/ပြည်နယ်။

၁။ သစ်တောဥပဒေပုဒ်မ ၅၀ **(ခ)** နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျွန်ုပ်သည် လူကြီးမင်းပါ(…….)ဦးဖြင့် ဖွဲ့စည်းထားသည့် အသုံးပြုသူများအဖွဲ့ကို အောက်ဖော်ပြပါ နေရာဒေသတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆောင်ရွက်ခွင့်ပြု၍ အဖွဲ့ဝင်များအဖြစ် အပိုဒ် (၁) အပိုဒ်ခွဲ(င)တွင်ဖော်ပြပါရှိသည့် အသုံးပြုသူများအဖွဲ့၏ စီမံအုပ်ချုပ်မှု အောက်တွင် ထားရှိလိုက်ပါသည်။ ဤလက်မှတ်အား …….ခုနှစ်…….လ၊ …..ရက်နေ့တွင် အတည်ပြုခဲ့သော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ထုတ်ပေးခြင်းဖြစ်ပါသည်။

(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏အမည် ……………………………….။

(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏တည်နေရာ ……………………………။
(တစ်လက်မတစ်မိုင် မြေပုံပူးတွဲ)

(ဂ) နယ်နိမိတ် မြောက် …………………………………………………………။
အရှေ့ ……………………………………………………………။
တောင်…………………………………………………………….။
အနောက်………………………………။(လေးလက်မတစ်မိုင်မြေပုံပူးတွဲ)

(ဃ) ဧရိယာ …………………………………။

(င) အသုံးပြုသူများအဖွဲ့၏ အဖွဲ့ဝင်များစာရင်း
…………ကျေးရွာမှ…………(ပါ) ……ဦး(စာရင်းအသေးစိတ်ပူးတွဲ)

၂။ ဆောင်ရွက်ခွင့်လက်မှတ်ထုတ်ပေးသည့်နေ့…………………………………………။

၃။ ဆောင်ရွက်ခွင့်လက်မှတ်သက်တမ်းကုန်ဆုံးသည့်နေ့ ……………………………။

<u>လက်မှတ်ထုတ်ပေးသည့် သစ်တောအရာရှိ</u>

လက်မှတ်-
အမည်-
ရာထူး-
ရက်စွဲ-

ပုံစံ ၄ (အဆက်)

ကျောဘက်

**သက်တမ်းတိုးမြှင့်ခြင်း**

| စဉ် | သက်တမ်းတိုးမြှင့်ပေးသည့် ရက်စွဲ | သက်တမ်း ကုန်ဆုံးသည့်နေ့ | ခွင့်ပြုသည့်အရာရှိ လက်မှတ်နှင့်နေ့စွဲ |
|---|---|---|---|
| | | | |
| | | | |
| | | | |

**တားမြစ်ချက်များ**

အသုံးပြုသူများအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်သည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါတားမြစ်ချက်များကို မပြုလုပ်ရ-

(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအတွက် ခွင့်ပြုမြေကို အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်၌ ဖော်ပြထားသည့် ကိစ္စများမှလွဲ၍ အခြား ကိစ္စရပ်များ/ လုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊

(ဂ) သတ္တု၊ ကျောက်၊ သဲ၊ မြေနှင့် သယံဇာတ တူးဖော်ခြင်း၊

(ဃ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင် ထိန်းသိမ်းရေး လုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော အမိုးအကာအဆောက်အအုံများ ဆောက်လုပ်ခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း၊

(င) တည်ဆဲဥပဒေများအရ နိုင်ငံတော်မှ တားမြစ်ကန့်သတ်ထားသော သီးနှံနှင့် အပင် အမျိုးအစားများစိုက်ပျိုးခြင်း။

ပုံစံ ၄ (အဆက်)

ဆောင်ရွက်ခွင့်လက်မှတ်အမှတ်စဉ်

ပူးတွဲ

……………ကျေးရွာမှ ………………(ပါ)……ဦးအသုံးပြုသူအဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | နေရပ်လိပ်စာ | လက်မှတ် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

<u>လက်မှတ်ထုတ်ပေးသည့် သစ်တောအရာရှိ</u>

လက်မှတ်-

အမည်-

ရာထူး-

ရက်စွဲ-

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတိုးတက်မှုအစီရင်ခံစာ

ပါဝင်ရမည့် အကြောင်းအရာများ

၁။ နိဒါန်း

၂။ ရည်ရွယ်ချက်

၃။ အမည်၊တည်နေရာနှင့် အကျယ်အဝန်း

၄။ သစ်တောလုပ်ငန်းဆောင်ရွက်ခြင်း

(က) သစ်တောစိုက်ခင်း

(၁) ဧရိယာ (သစ်မျိုးအလိုက်)

(၂) ဆောင်ရွက်ပြီးစီးမှုနှင့် ရည်မှန်းချက်

(၃) စိုက်ခင်းအခြေအနေ သုံးသပ်ချက်

(၄) အောင်မြင်မှုရာခိုင်နှုန်း၊

(၅) ပျမ်းမျှအမြင့်၊ လုံးပတ်၊ ထုထည်

(ခ) သဘာဝတော

(၁) ဧရိယာ

(၂) ပါဝင်သော သစ်မျိုးများ

(၃) ပြုစုပျိုးထောင် နည်းစနစ်များ

(၄) ဆောင်ရွက်ပြီးစီးမှုနှင့် ရည်မှန်းချက်

(၅) တောအခြေအနေ သုံးသပ်ချက်

၅။ ထုတ်ယူသည့်သစ်/ သစ်တောထွက်ပစ္စည်းပမာဏ

၆။ သစ်/ သစ်တောထွက်ပစ္စည်း ဖြန့်ဖြူးခြင်း

(က) အဖွဲ့အတွင်း (ပမာဏ)

(ခ) ကျေးရွာအတွင်း (ပမာဏနှင့်ရငွေ)

(ဂ) ပြင်ပ (ပမာဏနှင့်ရငွေ)

(ဃ) အသုံးပြုခဲ့သည့် ပြေစာအရေအတွက်နှင့် ပြေစာအလိုက် ရောင်းချခဲ့သည့် ပမာဏစာရင်း

၇။ ရန်ပုံငွေအခြေအနေ

(က) နှစ်စလက်ကျန်

(ခ) ဝင်ငွေ/ ထွက်ငွေ ရှင်းတမ်းစာရင်းချုပ်

(ဂ) အသုံးပြုသူများ အဖွဲ့အတွင်းငွေကြေးဆိုင်ရာအကျိုးအမြတ်ခွဲဝေမှု

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံမှု

(င) ဒေသခံပြည်သူအစုအဖွဲ့ ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ပြန်လည် ထည့်ဝင်မှု

(စ) လှည့်ပတ်ရန်ပုံငွေအဖြစ် လည်ပတ်ဆောင်ရွက်နေမှု

(ဆ) သစ်တောထွက်ပစ္စည်း အခြေခံစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပြန်လည်ရင်းနှီးမြှုပ်နှံမှု

၈။ အသုံးပြုသူများအဖွဲ့နှင့် အဖွဲ့ဝင်များအခြေအနေ

၉။ အထွေထွေ

၁၀။ နိဂုံး

အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏ ထိုးမြဲလက်မှတ်---------

အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏အမည်--------------

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်။

## CF (သဘာဝတော/စိုက်ခင်း) မှ သစ်ထုတ်လုပ်ခြင်းတွင် အသုံးပြုမည့် တံဆိပ်တုံးပုံစံများ

(က) CF တံဆိပ် (အမြဲတမ်း)

| စဉ် | တံဆိပ်တုံး | တံဆိပ်တုံးနမူနာပုံစံ | အမျိုးအစား | အသုံးပြုရမည့် အခြေအနေ |
|---|---|---|---|---|
| ၁ | CF |  | အမြဲတမ်း | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (သဘာဝတော/စိုက်ခင်း) များမှ ထုတ်လုပ်သည့် သစ်လုံးများနှင့် ငုတ်ပေါ်တွင် ရိုက်နှိပ်ရန်။ တိုင်းဒေသကြီး/ပြည်နယ် အစဉ်အလိုက် မြို့နယ်တစ်ခုလျှင် တံဆိပ်တုံးတစ်ခု သတ်မှတ်သည်။ ဥပမာ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ် |

(ခ) အခွန်လွတ်တံဆိပ်

| စဉ် | တံဆိပ်တုံး | တံဆိပ်တုံးနမူနာပုံစံ | အမျိုးအစား | အသုံးပြုရမည့် အခြေအနေ |
|---|---|---|---|---|
| ၂ | အခွန်လွတ် တံဆိပ် |  | နှစ်စဉ် တံဆိပ်တုံး | အသုံးပြုသူများအဖွဲ့မှ မိမိကျေးရွာအတွင်း သုံးစွဲရန်ထုတ်ယူသည့်သစ်များအတွက် အခွန်လွတ်တံဆိပ်ရိုက်နှိပ်ရန် CF တံဆိပ်နှင့် ပူးတွဲရိုက်နှိပ်ရန် ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ် အစဉ်အလိုက် မြို့နယ်တစ်ခုလျှင် တံဆိပ်တုံးတစ်ခု သတ်မှတ်သည်။ ဥပမာ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ် |

(ဂ) အရောက်တံဆိပ် (နှစ်စဉ်)

| စဉ် | တံဆိပ်တုံး | တံဆိပ်တုံးနမူနာပုံစံ | အမျိုးအစား | အသုံးပြုရမည့် အခြေအနေ |
|---|---|---|---|---|
| ၁ | အရောက်တံဆိပ်(သဘာဝတော) |  | နှစ်စဉ် တံဆိပ်တုံး | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော(သဘာဝတော)များမှ ထုတ်လုပ်သည့် သစ်/တိုင်/ ဖျော့များအား ကျေးရွာပြင်ပသို့ စီးပွားဖြစ် သယ်ယူရောင်းချမှုများတွင် ရိုက်နှိပ်ရန် တစ်မြို့နယ်လျှင် တစ်တုံးသာ ပြုလုပ်မည်။ |
| ၂ | အရောက်တံဆိပ်(စိုက်ခင်း) |  | နှစ်စဉ် တံဆိပ်တုံး | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (စိုက်ခင်း)များမှ ထုတ်လုပ်သည့် သစ်/တိုင်/ ဖျော့များအား ကျေးရွာပြင်ပသို့ စီးပွားဖြစ်သယ်ယူရောင်းချမှုများတွင် ရိုက်နှိပ်ရန် တစ်မြို့နယ်လျှင် တစ်တုံးသာ ပြုလုပ်မည်။ |

မှုရင်း/ပထမမှုရင်းခွဲ/ဒုတိယမှုရင်းခွဲ

…………ပြည်ထောင်စုနယ်မြေနေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်၊

………………ခရိုင်၊………………မြို့နယ်၊

……………………အသုံးပြုသူများအဖွဲ့၏ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော

လုပ်ငန်းမှ ရောင်းချသည့်သစ်တောထွက်ပစ္စည်းအရောင်းပြေစာ၊

စာအုပ်နံပါတ်- ………… ပြေစာနံပါတ်-………………

နေ့စွဲ-…………………………

ဝယ်ယူသူအမည်-…………………………

နေရပ်- ……………………………………

| စဉ် | အမျိုးအမည် | လုံးပတ် x မြင့်X ဒု | အလျား (ပေ) | အရေ အတွက် | ရေတွက်ပုံ | ကုဗပေ | နှုန်း | သင့်ငွေ |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |

အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏ ထိုးမြဲလက်မှတ်-……………

အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏ အမည် ……………

**မှတ်ချက်။** ။ အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဥက္ကဋ္ဌမှ တာဝန်ပေးသူ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌကိုယ်စား လက်မှတ်ရေးထိုးနိုင်သည်။ ပြေစာတွင် ရေးသွင်းရန် မလုံလောက်ပါက စာမျက်နှာဆက်၍ သုံးစွဲခြင်းမပြုရ။ နောက်ထပ် ပြေစာတစ်စောင် အသုံးပြုရေးသားရမည်။

ပုံမှန်တည်ထောင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအတွက် တိုးတက်မှုအစီရင်ခံစာပုံစံ

**C.F.ပုံစံ (၁)**

အသုံးပြုသူများအဖွဲ့ (USER' GROUP) မှတ်ပုံတင်စာရင်း

............... မြို့နယ်/ ................ခရိုင်/ ..........တိုင်းဒေသကြီး/ပြည်နယ်

၂၀ ခုနှစ်၊ ..............................လ

| စဉ် | မြို့နယ်အမှတ်စဉ် | တည်နေရာ | | စီမံအုပ်ချုပ်မှုကော်မတီ | | အသုံးပြုသူများအဖွဲ့ | | | လျှောက်ထားသည့်ရက်စွဲ | လျှောက်ထားသည့်နေရာ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျေးရွာအုပ်စု | ကျေးရွာ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အဖွဲ့ဝင်ဦးရေ | မိသားစုဝင်ဦးရေ | | | မြေပိုင်ဆိုင်မှု | နယ်နိမိတ်အလားအလာ | ဧရိယာ (ဧက) | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | | | | | | | | | | | |

မှတ်ချက်။ မြို့နယ်အမှတ်စဉ်တွင် သစ်တောမှုအမှတ်စဉ်ကဲ့သို့ ဘဏ္ဍာရေးနှစ်အတွင်း (မ)၁/၂၀၁၃-၂၀၁၄၊ (မ)၂/၂၀၀၃-၂၀၀၄ စသည့် အစဉ်လိုက် ပေးပါမည်။ (မ) မှာ မြို့နယ်အမှတ်အသားဖြစ်ပါသည်။

C.F. ပုံစံ (၂)

## အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်လက်မှတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာရင်း

................ မြို့နယ် / ........... ခရိုင်/ ............... တိုင်းဒေသကြီး/ ပြည်နယ်

၂၀      ခုနှစ်၊ ................................ လ

| စဉ် | လက်မှတ် အမှတ် | အသုံးပြုသူများ အဖွဲ့ အမှတ် | စီမံအုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌ | ကျေးရွာအုပ်စု/ ကျေးရွာ | အသုံးပြုသူများအဖွဲ့ | | တည်ထောင်ခွင့်ပြုဧရိယာ (ဧက) | တည်နေရာ | | ထုတ်ပေး/ ကုန်ဆုံး ရက်စွဲ | ထုတ်ပေးသူ အရာရှိ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | အဖွဲ့ဝင် ဦးရေ | မိသားစုဝင် လူဦးရေ | | ကြိုးဝိုင်း/ ကြိုးပြင်/ (အခြား) | အကွက် (နေရာ) | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | | | | | | | | | | |

C.F. ပုံစံ (၃)

အစုအဖွဲ့ပိုင်သစ်တောတိုးတက်မှုအစီရင်ခံစာ

................ မြို့နယ်/ .............. ခရိုင်/ ................. တိုင်းဒေသကြီး/ ပြည်နယ်

၂၀      ခုနှစ်၊ ..............................လ

| စဉ် | အသုံးပြုသူများအဖွဲ့နှင့် တည်ထောင်မည့်ဧရိယာ | အဆင့် (၁) | | အဆင့် (၂) | | အဆင့် (၃) | | အဆင့် (၄) | | အဆင့် (၅) | | ပေါင်း | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အဖွဲ့ | ဧရိယာ (ဧက) | အဖွဲ့ | ဧရိယာ (ဧက) | အဖွဲ့ | ဧရိယာ (ဧက) | အဖွဲ့ | ဧရိယာ (ဧက) | အဖွဲ့ | ဧရိယာ (ဧက) | အဖွဲ့ | ဧရိယာ (ဧက) | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ယခင်လကုန်ထိ | | | | | | | | | | | | | |
| ၂ | ယခုလအတွင်း | | | | | | | | | | | | | |
| | ပေါင်း | | | | | | | | | | | | | |

မှတ်ချက်။ ဦးရေတွင် ယင်းအဆင့်ရှိ အသုံးပြုသူများအဖွဲ့ ဦးရေပေါင်းကို ဖြည့်သွင်းရန်နှင့် ဧရိယာ (ဧက) မှာ ယင်းအသုံးပြုသူများအဖွဲ့၏ ဆောင်ရွက်မည့် အစုအဖွဲ့ပိုင်သစ်တော၏ ဧရိယာပေါင်းကိုဖြည့်သွင်းရန်ဖြစ်သည်။

အဆင့်(၁) အသုံးပြုသူအဖွဲ့ဖွဲ့စည်းခြင်း/စီမံအုပ်ချုပ်မှုကော်မတီဖွဲ့စည်းခြင်း/လျှောက်ထားခြင်းစသည့် အဆင့်ရှိ အဖွဲ့အရေအတွက်နှင့် ဧရိယာဧက ရေးသွင်းရန်

အဆင့်(၂) ကွင်းဆင်းစစ်ဆေးတိုင်းတာစစ်ဆေးသည့် ဧရိယာဧကနှင့် အဖွဲ့အရေအတွက်ကို ရေးသွင်းရန်

အဆင့်(၃) ခရိုင်သစ်တောအရာရှိမှ အတည်ပြုသည့် အဖွဲ့အရေအတွက်နှင့် ဧရိယာဧကရေးသွင်းရန်

အဆင့်(၄) စီမံအုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရေးဆွဲရာတွင် စုစုပေါင်းပါရှိသည့် အဖွဲ့အရေအတွက်နှင့်ဧရိယာဧကကိုရေးသွင်းရန်

အဆင့်(၅) တည်ထောင်ခွင့်လက်မှတ်ထုတ်ပေးသည့်လက်မှတ် ပါရှိသည့် အဖွဲ့အရေအတွက်နှင့်ဧရိယာဧကကိုရေးသွင်းရန်

C.F. ပုံစံ (၄)

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ပြီး ဧရိယာ (ဧက)

၂၀ ခုနှစ်၊ ...............................လ

| စဉ် | ခရိုင် | မြို့နယ် | ကျေးရွာ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော | | | ကြိုးပြင် | | | စုစုပေါင်း (ဧက) | အဖွဲ့ဝင်ဦးရေ | တည်ထောင်သည့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | စိုက်ခင်း (ဧက) | သဘာဝတော (ဧက) | ပေါင်း (ဧက) | စိုက်ခင်း (ဧက) | သဘာဝတော (ဧက) | ပေါင်း (ဧက) | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၂ | ၁၄ |
| | | | | | | | | | | | | | |
| စုစုပေါင်း | | | | | | | | | | | | | |

ပုံစံ - ၈ (အဆက်)

## သစ်တောမြေအတွင်းရှိ ယာမြေများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် တည်ထောင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအတွက် တိုးတက်မှုအစီရင်ခံစာပုံစံ

**C.F. ပုံစံ (က)**

### လုပ်ငန်းတိုးတက်မှု

၂၀        ခုနှစ်၊ ........................ လ

| စဉ် | ခရိုင် | မြို့နယ် | တည်နေရာ/ ကျေးရွာ/မပညာ | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော၊ အကွက်အမှတ် | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော | | | အဖွဲ့ဝင် ဦးရေ | အသုံးပြုသူ အဖွဲ့ | ဥက္ကဋ္ဌ အမည် | လုပ်ငန်းတိုးတက်မှု |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | စိုက်ခင်း (ဧက) | သဘာဝ တောထိန်း (ဧက) | စုစုပေါင်း (ဧက) | | | | |
| | | | | | | | | | | | |
| စုစုပေါင်း | | | | | | | | | | | |

(က) အသုံးပြုသူများအဖွဲ့ ဖွဲ့စည်းခြင်း

(ခ) အုပ်ချုပ်မှုကော်မတီ ဖွဲ့စည်းခြင်း

(ဂ) မြို့နယ်မှတစ်ဆင့်ခရိုင်သို့လျှောက်ထားခြင်း

(ဃ) အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲခြင်း

(င) ကွင်းဆင်းစစ်ဆေးခြင်း

(စ) တည်ထောင်ခွင့်လက်မှတ်ထုတ်ပေးခြင်း

(ဆ) နယ်နိမိတ်အမှတ်အသားပြုလုပ်ခြင်း

C.F. ပုံစံ (ခ)

## မျိုးထောင်ခြင်းလုပ်ငန်းတိုးတက်မှု

၂၀  ခုနှစ်၊ ........................ လ

| စဉ် | ခရိုင် | မြို့နယ် | မျိုးဥယျာဉ်တည်နေရာ | သစ်မျိုး | လျာထားပင်အရေအတွက် | ကြီးထွားမှု(အမြင့်) | | | | ထောက်ပံ့ပေးဝေမည့်အသုံးပြုသူများအဖွဲ့(ကျေးရွာအမည်) | ပျမ်းမျှမိုးရေချိန် (လက်မ) | အပူချိန် °C | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | အနိမ့်ဆုံး ပေ - လက်မ | | အမြင့်ဆုံး ပေ-လက်မ | | | | နိမ့် | မြင့် | |
| | | | | | | | | | | | | | | |
| | စုစုပေါင်း | | | | | | | | | | | | | |

C.F. ပုံစံ (ဂ)

## စိုက်ပျိုးခြင်းလုပ်ငန်းတိုးတက်မှု

၂၀  ခုနှစ်၊ ........................ လ

| စဉ် | ခရိုင် | မြို့နယ် | ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော / အကွက်အမှတ် | အသုံးပြုသူများအဖွဲ့ဝင်ဦးရေ/အမည် | ခွင့်ပြုဧရိယာ (ဧက) | စိုက်ပျိုးပြီးဧရိယာ (ဧက) | သစ်မျိုး | ပန္နက်အကွာအဝေး | စိုက်ပျိုးသည့်ပုံစံ | ယာသီးနှံ | နှစ်ရှည်ပင် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | |
| | စုစုပေါင်း | | | | | - | | | | | | |

ပုံစံ - ၉

**ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ CF Unit အဖွဲ့များ၏ ကွင်းဆင်းလုပ်ငန်း တိုးတက်မှုအစီရင်ခံ ဇယား**

၂၀ ခုနှစ်၊ .............................လ

| စဉ် | ရက်စွဲ | ခရိုင်/ မြို့နယ်/ ကျေးရွာ | ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ် တော/ ကြိုးပြင် | ဆောင်ရွက်သည့် အဖွဲ့ဝင်များ | အသုံးပြုသူ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဦးရေ | ဧရိယာ (ဧက) | စိုက်ပျိုး မည့် သစ်မျိုး | နည်းပညာ/ နည်းစနစ်/ ပျိုးပင် | ချေးငွေ/ ဝင်ငွေတိုး လုပ်ငန်း | ဆောင်ရွက် ခဲ့သည့် လုပ်ငန်းများ | သုံးသပ် ချက် | ရလာဒ် | ဦးစားပေး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | | | | | | | | | | |

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေပြဇယား

| စဉ် | အကြောင်းအရာ | လုပ်ငန်းဆောင်ရွက်မည့်ကာလ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အောက် | နို | ဒီ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် |
| | | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ | ၁ ၂ ၃ ၄ |
| | CF တည်ထောင်ရန် ပြင်ဆင် ဆောင်ရွက်ခြင်း | | | | | | | | | | | | |
| ၁။ | မိတ်ဆက်သတင်းပေး ခြင်း | | | | | | | | | | | | |
| | ပထမအကြိမ် | | | | | | | | | | | | |
| | ဒုတိယအကြိမ် | | | | | | | | | | | | |
| | တတိယအကြိမ် | | | | | | | | | | | | |
| ၂။ | အသုံးပြုသူများအဖွဲ့ ဖွဲ့စည်းခြင်း | | | | | | | | | | | | |
| ၃။ | စီမံအုပ်ချုပ်မှုကော်မတီဖွဲ့စည်းခြင်း | | | | | | | | | | | | |
| ၄။ | ဆောင်ရွက်ခွင့် လျှောက်ထားခြင်း | | | | | | | | | | | | |
| ၅။ | ကွင်းဆင်းစစ်ဆေးခြင်း | | | | | | | | | | | | |
| ၆။ | ခရိုင်သို့ လျှောက်ထားခြင်း | | | | | | | | | | | | |
| ၇။ | မြေနေရာ အတည်ပြုခြင်း | | | | | | | | | | | | |
| ၈။ | အုပ်ချုပ်လုပ်ကိုင်မှုစီမံ ချက် ရေးဆွဲခြင်း | | | | | | | | | | | | |
| ၉။ | တည်ထောင်ခွင့်လက် မှတ်ထုတ်ပေးခြင်း | | | | | | | | | | | | |
| | အုပ်ချုပ်လုပ်ကိုင်မှု စီမံ ချက်ပါ လုပ်ငန်းများ အ ကောင်အထည်ဖော် ဆောင်ရွက်ခြင်း | | | | | | | | | | | | |
| ၁။ | နည်းပညာများနှင့် ပျိုးပင်များဖြန့်ဝေခြင်း | | | | | | | | | | | | |
| ၂။ | ပူးပေါင်းကြီးကြပ်စစ်ဆေးခြင်း | | | | | | | | | | | | |
| | တည်ထောင်ပြီး CF များ အား သုံးသပ်အကဲ ဖြတ် ခြင်း | | | | | | | | | | | | |
| ၁။ | အစီရင်ခံစာများ ရေးသားခြင်း | | | | | | | | | | | | |

This document is prepared with the technical support of
the Food and Agriculture Organization of the United Nations